


# သင့်၏ OREGON eWIC ကတ်ကို အသုံးပြုခြင်း

သင့်ငွေလက်ကျန်၊ ဝယ်ယူမှုမှတ်တမ်းနှင့်အခြားအချက်အလက်များကို လွယ်ကူစွာစစ်ဆေးနိုင်ရန်အတွက်

**www.ebtedge.com**

သို့မဟုတ် စားသုံးသူဝန်ဆောင်မှုဌာနသို့ 24 နာရီအတွင်း အခမဲ့ခေါ်ဆိုပါ -

**1-844-234-4946**

## စတင်ခြင်း - သင့်ကတ်အတွက် ကိုယ်ပိုင်စိစစ်ရေးအမှတ်ကိုရွေးချယ်ပါ


သင့်၏ Oregon eWIC ကတ်ကိုမသုံးခင် ဂဏန်း၄လုံးပါ ကိုယ်ပိုင်စိစစ်ရေးအမှတ် (PIN) ကို ရွေးချယ်ရမည်။

### အွန်လိုင်းမှတဆင့် သို့မဟုတ် ဖုန်းခေါ်ဆိုပါ။

- စားသုံးသူဝန်ဆောင်မှုဌာန 1-844-234-4946 သို့ခေါ်ဆိုပါ

**သို့မဟုတ်**

- သင့်၏ဂဏန်း ၆ လုံးပါ ကတ်နံပါတ်ကိုထည့်သွင်း၍ **www.ebtedge.com** သို့ လော့ဂ်အင်ဝင်ရောက်ပါ။




### ကိုယ်ပိုင်စိစစ်ရေးအမှတ်ကိုရွေးချယ်ပါ။

- သင့်ကတ်အတွက် ဂဏန်း၄လုံးပါ ကိုယ်ပိုင်စိစစ်ရေးအမှတ် (PIN) ကို ရွေးချယ်ရမည်။
- သင့်အတွက်မှတ်မိလွယ်သော်လည်း အခြားသူများအတွက် ခန့်မှန်းရခက်ခဲစေနိုင်သော ဂဏန်း 4 လုံးကို ရွေးချယ်ပါ။




### သင့် ကိုယ်ပိုင်စိစစ်ရေးအမှတ်ကို လုံခြုံအောင်ထားပါ။

- သင့်ကိုယ်ပိုင်စိစစ်ရေးအမှတ်ကို မည်သူ့ကိုမှ မပြောပြပါနှင့်။
- သင့်ကိုယ်ပိုင်စိစစ်ရေးအမှတ်ကို သင့်ကတ်ပေါ်တွင်မရေးပါနှင့် သို့မဟုတ် သင့်ကတ်နှင့်အတူထားသည့် မည်သည့်အရာပေါ်မှ မရေးပါနှင့်။



## သင့်ကတ်ကိုအသုံးပြုခြင်း

အော်ရီဂွန်တင် WIC လက်ခံသည့် မည်သည့် ကုန်စုံ ဆိုင်၌မဆို သင် ဈေးဝယ်နိုင်ပါသည်။

### WIC အစားအစာများ ဝယ်ယူရန်

- အရောင်းဆိုင်သို့သွားသည့်အခါ သင့်၏ WIC အစားအစာခံစားခွင့် လက်ကျန်ကိုစစ်ကြည့်ပါ။
- ခွင့်ပြုထားသည့်အစားအစာများကို သိရှိရန် သင့်၏ WIC အစားအစာစာရင်းကိုအသုံးပြုပါ။



### သင့်၏ဝယ်ယူမှုကို အပြီးသတ်ရန်

- အမြဲတမ်း WIC ကို အရင်သုံးပါ။
- သင့်၏ eWIC ကတ်ကို သုံးမည့်အကြောင်း ငွေကိုင်ကို အသိပေးပါ။
- မေးမြန်းလာလျှင် သင့်၏ဂဏန်း 4 လုံးပါ ကိုယ်ပိုင်စိစစ်ရေးအမှန်ကို ထည့်သွင်းပါ။
- ငွေလက်ခံဖြတ်ပိုင်းကိုသိမ်းထားပါ။ သင့်ခံစားခွင့်လက်ကျန်ကို ၎င်းက ဖော်ပြပါမည်။




### WIC ပရိုဂရမ်စည်းကမ်းချက်များကို လိုက်နာရန်

- သင့်အနေဖြင့် သင့်ကတ် သို့မဟုတ် ခံစားခွင့်များကို အလွဲသုံးစားပြုခဲ့ပါက WIC ပရိုဂရမ်မှ သင့်အားထုတ်ပယ်နိုင်သည်။
- သင့် eWIC ကတ်၊ WIC အစားအစာများ သို့မဟုတ် WIC ဖော်မြူလာများကို မရောင်းချပါနှင့်။
- WIC အစားအစာများ သို့မဟုတ် ဖော်မြူလာများကို ငွေသား သို့မဟုတ် ခရက်ဒစ်များဖြင့် မလဲလှယ်ပါနှင့်။


WIC OREGON

# သင့်၏ခံစားခွင့်များကို သိရှိနားလည်ခြင်း

သင့်ခံစားခွင့်များကို လက်ခံရရှိမည့်အချိန်နှင့် သင့်ကတ်တွင် သင်ဘယ်လောက်ခံစားခွင့်ရှိသည်ကို သိရှိရန်အရေးကြီးသည်။

### ခံစားခွင့်ရရှိခြင်း

- လ၏ပထမဆုံးရက်တွင် ပစိဖိတ်စံတော်ချိန် နေ့လယ် 12:01 နာရီ၌ သင့်ခံစားခွင့်များကိုရရှိနိုင်သည်။
- မသုံးစွဲရသေးသော ခံစားခွင့်များကို နောက်လထဲသို့ ပေါင်း၍မရပါ။




### သင့်လက်ကျန်ကို စစ်ဆေးပါ

- သင့်လက်ကျန်ကို စစ်ဆေးရန် နောက်ဆုံးရရှိခဲ့သည့်လက်ခံဖြတ်ပိုင်းကို စစ်ဆေးပါ သို့မဟုတ်
- **www.ebtedge.com** သို့လော့ဂ်အင်ဝင်ရောက်ပါ သို့မဟုတ်
- eWIC စားသုံးသူဝန်ဆောင်မှုဌာနသို့ 1-844-234-4946 မှတဆင့် ခေါ်ဆိုပါ သို့မဟုတ်
- အရောင်းဆိုင်မှတ်ပုံတင်သူထံ စစ်ဆေးပါ



### အကူအညီ ရရှိရန်

- သင့်၏ **WIC အစားအစာခံစားခွင့်များ** နှင့်ပတ်သက်၍ မေးမြန်းလိုပါက သင့်၏ WIC ဆေးခန်းသို့ ဆက်သွယ်ပါ။
- သင့်၏ **Oregon eWIC ကတ်** နှင့်ပတ်သက်၍ မေးမြန်းလိုပါက **www.ebtedge.com** တွင်လော့ဂ်အင်ဝင်ရောက်ပါ သို့မဟုတ် eWIC စားသုံးသူဝန်ဆောင်မှုဌာနသို့ 1-844-234-4946 မှတဆင့် ခေါ်ဆိုပါ




# သင့်ကတ်နှင့် ကိုယ်ပိုင်စိစစ်ရေးအမှတ်ကို လုံခြုံအောင်ထားပါ

တစ်စုံတစ်ယောက်က သင့်ကတ်ကိုရရှိသွားပြီး သင်၏ ကိုယ်ပိုင်စိစစ်ရေးအမှတ်ကို သိသွားခဲ့လျှင် သင့်ခံစားခွင့်အားလုံးကို ၎င်းကအသုံးပြုသွားနိုင်သည်ထို့ပြင် **ထိုခံစားခွင့်များကို အစားပြန်ရမည်မဟုတ်ပါ**

### ကတ်ထိန်းသိမ်းစောင့်ရှောက်မှု

- သင့်ကတ်ကို ပိုက်ဆံအိတ် သို့မဟုတ် လက်ကိုင်အိတ်ကဲ့သို့ လုံခြုံစိတ်ချရသောနေရာတွင် သိမ်းဆည်းပါ။
- သင့်ကတ်ကိုမညစ်ပေပါစေနှင့်။
- သင့်ကတ်ကို သံလိုက်နှင့်အီလက်ထရောနစ်ပစ္စည်းများနှင့် ဝေးရာတွင်ထားရှိပါ။
- သင့်ကတ်ကို နေရောင်ခြည်တွင် တိုက်ရိုက်မထိတွေ့ပါစေနှင့်။




### ကိုယ်ပိုင်စိစစ်ရေးအမှတ်လုံခြုံရေး

- သင့်ကိုယ်ပိုင်စိစစ်ရေးအမှတ်ကို မမျှဝေပါနှင့်။
- သင့်ကိုယ်စားတစ်စုံတစ်ယောက်ကိုဈေးဝယ်ခိုင်းရန်လိုအပ်သည့်အခါ သင်ယုံကြည်ရသည့်ဒုတိယမြောက်ကတ်ကိုင်ဆောင်ခွင့်ရှိသူတစ်ဦးအတွက် နောက်တစ်ကတ်ရရှိရန် WIC ဆေးခန်းသို့ မေးမြန်းပါ။




### ကိုယ်ပိုင်စိစစ်ရေးအမှတ်/ကတ် အစားထိုးလဲလှယ်ခြင်း

- သင့်ကိုယ်ပိုင်စိစစ်ရေးအမှတ်ကို မေ့လျော့သွားပါက ၎င်းကိုပြောင်းလဲရန် eWIC စားသုံးသူဝန်ဆောင်မှုဌာန 1-844-234-4946 or **www.ebtedge.com** သို့ လော့ဂ်အင်ဝင်ရောက်ပါ။
- သင့်ကတ်ကိုခိုးယူခံရခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်ခဲ့ပါက eWIC စားသုံးသူဝန်ဆောင်မှုဌာနသို့ 1-844-234-4946 မှတဆင့် ခေါ်ဆိုပါ




## ကိုယ်ပိုင်စိစစ်ရေးအမှတ်ကို မေ့လျော့သွားပါက သို့မဟုတ် မှားယွင်းနေပါက ဘယ်လိုလုပ်မလဲ

ကိုယ်ပိုင်စိစစ်ရေးအမှတ်ကို လေးကြိမ်မှားယွင်းထည့်သွင်းမိပါက သင့်ကတ်ကို ညလယ်မတိုင်ခင် ပိတ်ပစ်မည်ဖြစ်သည်။ သင့်အနေဖြင့် eWIC စားသုံးသူဝန်ဆောင်မှုဌာနသို့ ခေါ်ဆိုခြင်း သို့မဟုတ် **www.ebtedge.com** သို့ လော့ဂ်အင်ဝင်ရောက်ခြင်းဖြင့် လေးကြိမ်မြောက်မကြိုးစားမီ သင့်ကိုယ်ပိုင်စိစစ်ရေးအမှတ်ကို ပြောင်းလဲနိုင်သည် သင့်ကိုယ်ပိုင်စိစစ်ရေးအမှတ်ကို အသစ်မပြောင်းဆင်ပါက သင်၏ကတ်ကို ညလယ်ပိုင်းတွင် အလိုအလျောက်ပိတ်ပစ်မည်ဖြစ်သည်။ သို့သော် သင့်အနေဖြင့် ၎င်းကိုအသုံးပြုရန် သင့်ကိုယ်ပိုင်စိစစ်ရေးအမှတ်ကို သိရန်လိုအပ်ပါမည်။

## WIC အစားအစာခံစားခွင့်များကို ဘယ်လိုပြောင်းလဲနိုင်မလဲ

သင့်၏ WIC ခံစားခွင့်များကိုပြောင်းလဲခြင်းနှင့်ပတ်သက်၍ သင့်၏ WIC ဆေးခန်းနှင့်ဆွေးနွေးပါ

## အရောင်းဆိုင်သို့သွားစဉ် ကတ်ကိုမေ့ကျန်ခဲ့လျှင် ဘယ်လိုလုပ်ရမလဲ

သင့်၏ WIC ခံစားခွင့်များကိုအသုံးပြုနိုင်ရန် သင်နှင့်အတူ Oregon eWIC ကတ်ပါလာရမည်။

## အိမ်ပြောင်းခြင်း သို့မဟုတ် လိပ်စာပြောင်းလဲခြင်းရှိခဲ့လျှင် ဘယ်လိုလုပ်မလဲ

သင့်အနေဖြင့် အိမ်ပြောင်းခဲ့လျှင် သို့မဟုတ် လိပ်စာပြောင်းလဲခဲ့လျှင် WIC ဆေးခန်းသို့ ဆက်သွယ်ရမည်။

57-1008 BUR 11/2022